ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန

ပါမောက္ခချုပ်(ရုံး) - 063-2023760
Fax - 063-2025309
magwaymedicaluniversity@gmail.com
ရုံး - 063-2023701, 063-2023702

ဆေးတက္ကသိုလ်၊ မကွေး

စာအမှတ်၊ ၁၇၃၈ /၁-မကဆ (က-၄) / ၂၀၂၅
ရက် စွဲ၊ ၂၀၂၅ ခုနှစ်၊ ဇူလိုင် လ ( ၇ ) ရက်

အကြောင်းအရာ။ **၂၀၂၆ - ပညာသင်နှစ် ဘွဲ့လွန်ဆေးပညာ သင်တန်းများအတွက် လျှောက်လွှာ ခေါ်ယူခြင်းကိစ္စ**

၁။ ၂၀၂၆ - ပညာသင်နှစ် ဆေးတက္ကသိုလ်၊ မကွေးတွင် ဖွင့်လှစ်မည့် အောက်ဖော်ပြပါ ဘွဲ့လွန် သင်တန်းများအတွက် လျှောက်လွှာများကို ကြော်ငြာခေါ်ယူထားပါသည်။

| စဉ် | သင်တန်းအမည် |
|---|---|
| ၁။ | ဆေးပညာပါရဂူဘွဲ့လွန်သင်တန်းများ။ (ပူးတွဲ-၁) |
| ၂။ | ဆေးပညာဒီပလိုမာနှင့် ဆေးပညာမဟာသိပ္ပံ ဘွဲ့လွန်သင်တန်းများ။ (ပူးတွဲ-၂) |
| ၃။ | ပြင်ပဆရာဝန်များအတွက် ဒီပလိုမာသင်တန်း။ (ပူးတွဲ-၃) |

၂။ ဘွဲ့လွန်သင်တန်း ဝင်ခွင့်လျှောက်ထားသူများအနေဖြင့် လျှောက်လွှာတွင် ဖော်ပြရမည့် အချက်အလက်များနှင့် ပူးတွဲပေးပို့ရမည့် အထောက်အထားစာရွက်စာတမ်းများကို ပြည့်စုံမှန်ကန်စွာ တင်ပြလျှောက်ထားနိုင်ရန် ပူးတွဲပါကြေညာချက်များကို မိမိတို့လက်အောက်ရှိ ဌာနများအားလုံးသို့ အချိန်မီထပ်ဆင့်ဖြန့်ဝေပေးနိုင်ရေးအတွက် လိုအပ်သလိုဆောင်ရွက်ပေးပါရန် အကြောင်းကြား အပ်ပါသည်။

၃။ အမှတ်စဉ်(၁)ပါ သင်တန်းများအတွက် သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသော လျှောက်လွှာ များကို သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး (ညွှန်ကြားရေးမှူးချုပ်/ဦးဆောင် ညွှန်ကြားရေးမှူး)၏ ထောက်ခံချက်ဖြင့် ဆေးတက္ကသိုလ်၊ မကွေးသို့ ( ၂၉ - ၈ - ၂၀၂၅ ) ရက်နေ့ နောက်ဆုံးထား ပေးပို့ပေးပါရန် တစ်ပါတည်း အကြောင်းကြားအပ်ပါသည်။

ပါမောက္ခဒေါက်တာခင်မာမြင့်
ပါမောက္ခချုပ်
ဆေးတက္ကသိုလ်၊ မကွေး

<u>ဖြန့်ဝေခြင်း</u> -

၁။ ကျန်းမာရေးဝန်ကြီးဌာန
၂။ ညွှန်ကြားရေးမှူးချုပ်၊ ဦးစီးဌာနများအားလုံး၊ ကျန်းမာရေးဝန်ကြီးဌာန
၃။ ဆေးဝန်ထမ်းညွှန်ကြားရေးမှူး၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန
နေပြည်တော်
၄။ ပါမောက္ခချုပ်၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိတက္ကသိုလ်များအားလုံး၊
၅။ ညွှန်ကြားရေးမှူးချုပ်၊ လူမှုဖူလုံရေးအဖွဲ့
၆။ တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊
မကွေးတိုင်းဒေသကြီး
၇။ တိုင်းဒေသကြီးကုသရေးဦးစီးဌာနမှူး၊ ကုသရေးဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး
၈။ ဆေးရုံအုပ်ကြီး၊ တိုင်းဒေသကြီးပြည်သူ့ဆေးရုံကြီး၊ မကွေးမြို့
၉။ ဆေးရုံအုပ်ကြီး၊ ကုတင်(၂၀၀)ဆံ့သင်ကြားရေးဆေးရုံကြီး၊ မကွေးမြို့
၁၀။ ဆေးရုံအုပ်ကြီး၊ အထွေထွေရောဂါကုဆေးရုံကြီး၊ မင်းဘူးမြို့
၁၁။ မြန်မာနိုင်ငံဆရာဝန်အသင်း၊ မကွေးမြို့
၁၂။ ရုံးလက်ခံ
၁၃။ မျှောစာတွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
**ဆေးတက္ကသိုလ်၊ မကွေး**

ရက် စွဲ ၊ ၂၀၂၅ ခုနှစ် ၊ ဇူလိုင်လ ( ၇ )ရက်

## ၂၀၂၆ ပညာသင်နှစ်

## ဆေးပညာပါရဂူဘွဲ့ သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ( ၂၀၂၆ )ပညာသင်နှစ်အတွက် ဆေးတက္ကသိုလ်၊ မကွေးတွင် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါ ဆေးပညာပါရဂူဘွဲ့သင်တန်းများသို့ သတ်မှတ်အရည်အချင်းများနှင့် ပြည့်စုံသူ နိုင်ငံ့ဝန်ထမ်း ဆရာဝန်များ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဆေးလက်တွေ့အခြေခံပါရဂူဘွဲ့ (Ph.D) သင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| ( ၁ ) | ပါရဂူဘွဲ့ (ခန္ဓာဗေဒ) Ph.D (Anatomy) | ( ၃ ) နှစ် |
| ( ၂ ) | ပါရဂူဘွဲ့ (ဇီဝကမ္မဗေဒ) Ph.D (Physiology) | ( ၃ ) နှစ် |
| ( ၃ ) | ပါရဂူဘွဲ့ (ဇီဝဓာတုဗေဒ) Ph.D (Biochemistry) | ( ၃ ) နှစ် |
| ( ၄ ) | ပါရဂူဘွဲ့(အဏုဇီဝဗေဒ) Ph.D (Medical Microbiology) | ( ၃ ) နှစ် |
| ( ၅ ) | ပါရဂူဘွဲ့ (ဆေးဝါးဗေဒ) Ph.D (Pharmacology) | ( ၃ ) နှစ် |

**ဆေးလက်တွေ့ပါရဂူဘွဲ့ (Dr.Med.Sc) သင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (၁) | ဆေးလက်တွေ့ပါရဂူဘွဲ့(အထွေထွေဆေးပညာ) Dr.Med.Sc (General Medicine) | ( ၃ ) နှစ် |
| (၂) | ဆေးလက်တွေ့ပါရဂူဘွဲ့(အထွေထွေခွဲစိတ်ကုပညာ) Dr.Med.Sc (General Surgery) | (၃) နှစ် |
| (၃) | ဆေးလက်တွေ့ပါရဂူဘွဲ့(သားဖွားမီးယပ်ပညာ) Dr.Med.Sc (Obstetrics & Gynaecology) | ( ၃ ) နှစ် |
| (၄) | ဆေးလက်တွေ့ပါရဂူဘွဲ့(ကလေးကျန်းမာပညာ) Dr.Med.Sc (Paediatrics) | ( ၃ ) နှစ် |
| (၅) | ဆေးလက်တွေ့ပါရဂူဘွဲ့(ကျောက်ကပ်ရောဂါပညာ) Dr.Med.Sc (Nephrology) | (၃) နှစ် |
| (၆) | ဆေးလက်တွေ့ပါရဂူဘွဲ့(အသားမျှင်ရောဂါဗေဒ) Dr.Med.Sc (Histopathology) | ( ၃ ) နှစ် |
| (၇) | ဆေးလက်တွေ့ပါရဂူဘွဲ့(ဓါတုရောဂါဗေဒ) Dr.Med.Sc (Chemical Pathology) | ( ၃ ) နှစ် |
| (၈) | ဆေးလက်တွေ့ပါရဂူဘွဲ့(မေ့ဆေးပညာ) Dr.Med.Sc (Anaesthesiology) | ( ၃ ) နှစ် |

၂။ **လိုအပ်သောအရည်အချင်း**

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) သက်ဆိုင်ရာဘာသာရပ်၌ ဆေးပညာမဟာသိပ္ပံဘွဲ့ ရရှိသူများနှင့် မြန်မာနိုင်ငံဆေးကောင်စီမှ အသိအမှတ်ပြုထားသော အလားတူဘွဲ့ ရရှိထားသူဖြစ်ရမည်။

(ဂ) လျှောက်လွှာပိတ်သည့်နေ့တွင် သက်ဆိုင်ရာဘာသာရပ် မဟာသိပ္ပံဘွဲ့ရရှိပြီးနောက် ခွင့်ရက်မပါ အနည်းဆုံး လုပ်သက်(၂)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။

(ဃ) ပြည်ပမှ မိမိအစီအစဉ်ဖြင့် ဘွဲ့လွန်ရရှိပြီးမှ အစိုးရဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ပြီး ပါရဂူဘွဲ့လွန်သင်တန်းဝင်ခွင့် လျှောက်ထားလာပါက ပါရဂူဘွဲ့ **(ခန္ဓာဗေဒ၊ ဇီဝကမ္မဗေဒ၊ ဇီဝဓါတုဗေဒ၊ ရောဂါဗေဒ(အသားမျှင်ရောဂါဗေဒ၊ဓာတုရောဂါဗေဒ)၊ ဆေးဝါးဗေဒ၊ အဏုဇီဝဗေဒ)** သင်တန်းများအတွက် လျှောက်လွှာပိတ်သည့်နေ့တွင် လုပ်ငန်းစတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ စုစုပေါင်းလုပ်သက်(၃)နှစ်၊ ကျန်ပါရဂူဘွဲ့ သင်တန်းများအတွက် လုပ်ငန်းစတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ စုစုပေါင်းလုပ်သက် (၄)နှစ်ရှိရမည်။

(င) ဆေးလက်တွေ့ပါရဂူဘွဲ့(အသားမျှင်ရောဂါဗေဒ)/(ဓါတုရောဂါဗေဒ)သင်တန်းများ အတွက် ဆေးပညာမဟာသိပ္ပံ(ရောဂါဗေဒ)ဘွဲ့ ရရှိထားသူဖြစ်ရမည်။

(စ) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၅၂)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဆ) ပါရဂူဘွဲ့ ရရှိပြီးနောက် အနည်းဆုံး(၅)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန် ထမ်းဆောင်နိုင်သူဖြစ်ရမည်။

**၃။ လျှောက်လွှာတွင် အောက်ပါအချက်များကို ပြည့်စုံမှန်ကန်စွာဖော်ပြပါရှိရမည်။**

(က) အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ လက်ရှိ ရာထူး/ဌာန၊ အမြဲတမ်းလိပ်စာနှင့် ဖုန်းနံပါတ်၊ ဆက်သွယ်ရန် လိပ်စာနှင့် ဖုန်းနံပါတ်၊

(ခ) အဘအမည်၊

(ဂ) နိုင်ငံ့ဝန်ထမ်းအဖြစ် စတင်ထမ်းဆောင်သည့် နေ့ရက်/လ/ခုနှစ်နှင့် အမှုထမ်းသက်၊

(ဃ) အသက်နှင့် မွေးသက္ကရာဇ် (အသက်ထောက်ခံစာတင်ပြရန်)၊

(င) ဆရာဝန်မှတ်ပုံတင်အမှတ်(ဆမ)၊

(စ) အထွေထွေဆေးကုသခွင့်လိုင်စင်အမှတ်၊ ထုတ်ယူခဲ့သည့်ရက်စွဲ - - ၊

(ဆ) ပညာအရည်အချင်း၊

(ဇ) တက်ရောက်လိုသည့် သင်တန်းနှင့် ဘာသာရပ် (တိကျစွာ ဖော်ပြရန်)၊

(ဈ) အမှုထမ်းသက်မှတ်တမ်းအပြည့်အစုံ၊

(ည) ယခင်ပြည်တွင်းဘွဲ့လွန်သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရဖူးခြင်း ရှိ / မရှိ ဖော်ပြရန်။

(ဋ) ပြည်တွင်းဘွဲ့လွန်သင်တန်းတစ်ခုခုတက်ရောက်ခဲ့ဖူးပါကတက်ရောက်ခဲ့သည့်ရက်/လ/ခုနှစ် သင်တန်း၊ ဘာသာရပ်နှင့် ဘွဲ့ရရှိခြင်း ရှိ / မရှိ ဖော်ပြရန်။

(ဌ) ပြည်တွင်း/ပြည်ပသင်တန်းတစ်ခုခုသို့ တက်ရောက်ခွင့် လျှောက်ထားခြင်း ( သို့မဟုတ် ) ဝင်ခွင့် စာမေးပွဲဖြေဆိုထားခြင်းရှိ/မရှိဖော်ပြရန်။

**၄။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်။**

(က) လျှောက်လွှာတွင် ဖော်ပြထားသည့် အချက်အလက်များသည် မှန်ကန်ပါကြောင်း ကိုယ်တိုင် လက်မှတ်ရေးထိုးထားသော ခံဝန်ချက်၊

(ခ) ဘွဲ့လက်မှတ်မိတ္တူများ၊

(ဂ) ဆေးပညာသင်တန်းနှင့်ဆေးပညာမဟာသိပ္ပံသင်တန်းအမှတ်စာရင်း(Grading Certificate) မိတ္တူများ၊

(ဃ) ဓါတ်ပုံ(၃)ပုံ (လိုင်စင်ဓါတ်ပုံ)၊

(င) အသက်ထောက်ခံစာ(သို့မဟုတ်) တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်မိတ္တူ၊

(စ) ဆရာဝန်မှတ်ပုံတင်မိတ္တူ

**ခြွင်းချက်။** (ဆမ) မိတ္တူတင်ပြနိုင်မှသာ ဘွဲ့ရအောင်စာရင်းထုတ်ပေးမည်။

(ဆ) ဆေးတက္ကသိုလ်၊မကွေး၏ မြန်မာ့စီးပွားရေးဘဏ်၊ မကွေးတွင် ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ် – MD-၀၁၁၁၁၈ သို့ ဘွဲ့လွန်ဆေးပညာသင်တန်း ဝင်ခွင့်စာမေးပွဲကြေး ကျပ် ၁၀၀၀၀/- (ကျပ်တစ်သောင်းတိတိ)ကို ပေးသွင်းထားသည့် ချလံမူရင်း(၁)စောင်၊

( မှတ်ချက်။ မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ်၊ မကွေး တွင် ဖွင့်လှစ်ထားသည့် ဆေးတက္ကသိုလ်၊ မကွေး၏ ငွေစာရင်းအမှတ်– MD–၀၁၁၁၁၈ သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။)

၅။ လျှောက်လွှာကို သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး( ညွှန်ကြားရေးမှူးချုပ်/ ဦးဆောင်ညွှန်ကြားရေးမှူး)မှတစ်ဆင့် လျှောက်ထားရမည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာဌာနဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး၏ ထောက်ခံချက်ပါရှိရမည်။ သတ်မှတ်ချက်အတိုင်း လျှောက်ထားခြင်းမရှိသည့် လျှောက်လွှာများကို လုံးဝထည့်သွင်းစဉ်းစားခြင်းမပြုပါ။

၆။ ကြိုတင်မိတ္တူတစ်စောင်ကို ငွေသွင်းချလံ(မူရင်း)နှင့်တကွ ဆေးတက္ကသိုလ်၊ မကွေး ပါမောက္ခချုပ်ထံ လိပ်မူ၍ **(မပျက်မကွက်)** ပေးပို့ရမည်။

၇။ လျှောက်လွှာများကို ဆေးတက္ကသိုလ်၊မကွေးသို့ **(၂၉-၈-၂၀၂၅)**ရက် **( သောကြာနေ့)** နောက်ဆုံးထား၍ ပေးပို့ရမည်။ မပြည့်စုံသည့်လျှောက်လွှာများနှင့် လျှောက်လွှာပိတ်ရက်ထက် နောက်ကျရောက်ရှိလာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၈။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို **( ၁၃ - ၁၀ -၂၀၂၅)**ရက် **(တနင်္လာနေ့)**မှစ၍ ဆေးတက္ကသိုလ်၊ မကွေး၌ ထုတ်ပေးမည်။

၉။ သင်တန်းဝင်ခွင့်အရည်အချင်းစစ်ရေးဖြေစာမေးပွဲကို **( ၁၆- ၁၀ -၂၀၂၅)**ရက် **( ကြာသပတေးနေ့)** တွင် စာစစ်ဌာနဖြစ်သည့် ဆေးတက္ကသိုလ်၊ မကွေး၌ အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်။

| **စဉ် သင်တန်း** | **ဘာသာရပ်** | **စစ်ဆေးမည့်အချိန်** | **မေးခွန်းပုံစံ** |
|---|---|---|---|
| (က) Ph.D<br>(ခ) Dr.Med.Sc | ကျွမ်းကျင်ဘာသာရပ် | မွန်းလွဲ(၁:၀၀)နာရီမှ (၄:၀၀)နာရီထိ | Essay Type |

၁၀။ ဘွဲ့လွန်ဆေးပညာသင်တန်းဝင်ခွင့်တွင် အင်္ဂလိပ်စာဘာသာရပ်ကို ထည့်သွင်းစစ်ဆေးခြင်း မပြုသော်လည်း သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း တစ်နှစ်လျှင်နှစ်ကြိမ်စစ်ဆေးမည့် အင်္ဂလိပ်စာဘာသာရပ် ကျွမ်းကျင်မှု အရည်အချင်းစစ် စာမေးပွဲ(၂)နာရီမေးခွန်းကို ဖြေဆိုရမည်။အင်္ဂလိပ်စာဘာသာရပ် အရည်အချင်းစစ် စာမေးပွဲ အောင်မြင်ကြောင်းတင်ပြနိုင်မှသာ ဘွဲ့ရအောင်စာရင်းကို ထုတ်ပေးမည်။

၁၁။ ဝင်ခွင့်နှုတ်ဖြေစစ်ဆေးမည့်ရက်ကို ဝင်ခွင့်နှုတ်ဖြေ ဖြေဆိုခွင့်ရရှိသူစာရင်း ထုတ်ပြန်ကြေညာသည့်အခါတွင် ဖော်ပြပါမည်။

၁၂။ သင်တန်းတက်ရောက်ခွင့် ရရှိသူများသည် ဘွဲ့လွန်သင်တန်း စည်းမျဉ်း စည်းကမ်းများကို လိုက်နာမည်ဖြစ်ကြောင်းနှင့် ဘွဲ့လွန်သင်တန်း အောင်မြင်ပြီးနောက် နိုင်ငံ့ဝန်ထမ်းအဖြစ် မိမိတာဝန်ကျရာ မည်သည့်ဒေသတွင်မဆို ဆက်လက်တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ကတိခံဝန်ချုပ် ချုပ်ဆိုရမည်။

၁၃။ သင်တန်းကိုတက်ရောက်ရန် ရွေးချယ်ခံရပြီးမှ သင်တန်းတက်ရောက်ရန် ပျက်ကွက်လျှင် နောင်ပညာသင်နှစ်(၂)နှစ် ပြည်တွင်း/ပြည်ပ ဘွဲ့လွန်သင်တန်းများသို့ လျှောက်ထားခွင့်မရှိပါ။

၁၄။ သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီး တက်ရောက်ခွင့်ရစာရင်း ထုတ်ပြန်ပြီးမှ သင်တန်းကို မတက်ရောက်လျှင်ဖြစ်စေ (မှတ်ပုံတင်ခြင်း ပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ)၊ သင်တန်းကို ပြီးဆုံးအောင် မတက်ရောက်လျှင်ဖြစ်စေ၊ သင်တန်းအောင်မြင်ပြီးနောက် သတ်မှတ်ထားသည့်ကာလအတိုင်း နိုင်ငံ့တာဝန်ကို မထမ်းဆောင်လျှင်ဖြစ်စေ သတ်မှတ်ထားသော လျော်ကြေးငွေကို ပေးလျော်ရမည်။

၁၅။ အသေးစိတ်အချက်အလက်များကို ဆေးတက္ကသိုလ်၊ မကွေး ပါမောက္ခချုပ်ရုံး၊ ဘွဲ့လွန်ဌာနစိတ်၊ ဖုန်းနံပါတ် (၀၆၃-၂၀၂၃၇၀၁)လိုင်းခွဲ(၁၁၀)သို့ ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းနိုင်ပါသည်။(သို့မဟုတ်) ဆေးတက္ကသိုလ်၊ မကွေး၏ Website – http://www.ummg.gov.mm နှင့် http://www.ummg.edu.mm တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ပါမောက္ခဒေါက်တာခင်မာမြင့်
ပါမောက္ခချုပ်
ဆေးတက္ကသိုလ်၊ မကွေး

စာအမှတ်၊ ၁၇၃၅ /၁-မကဆ(က - ၄)/၂၀၂၅
ရက် စွဲ၊ ၂၀၂၅ ခုနှစ်၊ ဇူလိုင် လ ( ၇ )ရက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန

**ဆေးတက္ကသိုလ်၊ မကွေး**

ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ( ၇ )ရက်

## ၂၀၂၆ ပညာသင်နှစ်

## ဆေးပညာဒီပလိုမာနှင့် ဆေးပညာမဟာသိပ္ပံဘွဲ့လွန်သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ (၂၀၂၆)ပညာသင်နှစ်အတွက် ဆေးတက္ကသိုလ်မကွေးတွင် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါ ဘွဲ့လွန်သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူ၊ နိုင်ငံ့ဝန်ထမ်းဆရာဝန်များ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဆေးပညာဒီပလိုမာ(Dip.Med.Sc) သင်တန်း**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (၁) | ဆေးလက်တွေ့ဆိုင်ရာဆေးဝါးဗေဒဒီပလိုမာ<br>Dip.Med.Sc (Clinical Pharmacology) | (၁)နှစ် |

**ဆေးပညာမဟာသိပ္ပံ(M.Med.Sc)သင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (၁) | ဆေးပညာမဟာသိပ္ပံ(ခန္ဓာဗေဒ)<br>M.Med.Sc (Anatomy) | (၂)နှစ် |
| (၂) | ဆေးပညာမဟာသိပ္ပံ (ဇီဝကမ္မဗေဒ)<br>M.Med.Sc (Physiology) | (၂)နှစ် |
| (၃) | ဆေးပညာမဟာသိပ္ပံ (ဆေးဝါးဗေဒ)<br>M.Med.Sc (Pharmacology) | (၂)နှစ် |
| (၄) | ဆေးပညာမဟာသိပ္ပံ (ကာကွယ်ရေးနှင့်အပူပိုင်းဆေးပညာ)<br>M.Med.Sc (Preventive & Tropical Medicine) | (၂)နှစ် |
| (၅) | ဆေးပညာမဟာသိပ္ပံ (ဆေးလက်တွေ့ဆိုင်ရာဇီဝဓာတုဗေဒ)<br>M.Med.Sc (Clinical Biochemistry) | (၃)နှစ် |
| (၆) | ဆေးပညာမဟာသိပ္ပံ (အဏုဇီဝဗေဒ)<br>M.Med.Sc (Microbiology) | (၃)နှစ် |
| (၇) | ဆေးပညာမဟာသိပ္ပံ (ရောဂါဗေဒ)<br>M.Med.Sc (Pathology) | (၃)နှစ် |
| (၈) | ဆေးပညာမဟာသိပ္ပံ (မေ့ဆေးပညာ)<br>M.Med.Sc (Anaesthesiology) | (၃)နှစ် |
| (၉) | ဆေးပညာမဟာသိပ္ပံ (ဥပဒေရေးရာဆေးပညာ)<br>M.Med.Sc (Medical Jurisprudence) | (၃)နှစ် |
| (၁၀) | ဆေးပညာမဟာသိပ္ပံ (နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့်လည်ပင်းခွဲစိတ်ကုပညာ)<br>M.Med.Sc (Otorhinolaryngology Head & Neck Surgery) | (၃)နှစ် |
| (၁၁) | ဆေးပညာမဟာသိပ္ပံ (မျက်စိရောဂါပညာ)<br>M.Med.Sc (Ophthalmology) | (၃)နှစ် |
| (၁၂) | ဆေးပညာမဟာသိပ္ပံ (ဆေးပညာ)<br>M.Med.Sc (Internal Medicine) | (၃)နှစ် |
| (၁၃) | ဆေးပညာမဟာသိပ္ပံ (ခွဲစိတ်ကုပညာ)<br>M.Med.Sc (Surgery) | (၃)နှစ် |
| (၁၄) | ဆေးပညာမဟာသိပ္ပံ (သားဖွားနှင့်မီးယပ်ပညာ)<br>M.Med.Sc(Obstetrics & Gynaecology) | (၃)နှစ် |

(၁၅) ဆေးပညာမဟာသိပ္ပံ (ကလေးကျန်းမာပညာ) (၃)နှစ်
M.Med.Sc (Paediatrics)

(၁၆) ဆေးပညာမဟာသိပ္ပံ (အရိုးရောဂါပညာ) (၄)နှစ်
M.Med.Sc (Orthopaedics)

(၁၇) ဆေးပညာမဟာသိပ္ပံ (ဓါတ်မှန်ပညာ) (၄)နှစ်
M.Med.Sc (Radiology)

(၁၈) ဆေးပညာမဟာသိပ္ပံ (ကျောက်ကပ်နှင့်ဆီးလမ်းကြောင်းရောဂါခွဲစိတ်ကုပညာ) (၄)နှစ်
M.Med.Sc( Urology)

**၂။ လိုအပ်သောအရည်အချင်း**

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ဆေးပညာမဟာသိပ္ပံ ဘွဲ့လွန်သင်တန်းများအတွက် ဆေးပညာဘွဲ့(သို့မဟုတ်) မြန်မာနိုင်ငံဆေးကောင်စီမှ အသိအမှတ်ပြုထားသော အလားတူဘွဲ့ရရှိထားသူ ဖြစ်ရမည်။

(ဂ) ဆေးပညာမဟာသိပ္ပံသင်တန်းများအတွက် လျှောက်လွှာပိတ်သည့်နေ့တွင် အလုပ်စတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ အနည်းဆုံးလုပ်သက်(၁)နှစ်ပြည့်ပြီးသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။

ခြွင်းချက်။ **(ခန္ဓာဗေဒ၊ ဇီဝကမ္မဗေဒ၊ ဆေးလက်တွေ့ဆိုင်ရာဇီဝဓါတုဗေဒ၊ အဏုဇီဝဗေဒ၊ ရောဂါဗေဒ၊ ဆေးဝါးဗေဒ ၊ ဥပဒေရေးရာဆေးပညာနှင့် မှုခင်းဆေးပညာ)** မဟာသိပ္ပံသင်တန်းများအတွက် လုပ်သက် သတ်မှတ်ချက်မရှိ လျှောက်ထားနိုင်သည်။

(ဃ) ဆေးပညာမဟာသိပ္ပံသင်တန်းများအတွက်လျှောက်လွှာပိတ်သည့်နေ့တွင် အသက်(၄၅)နှစ်ထက်မကျော်လွန်သူ ဖြစ်ရမည်။

(င) ဆေးလက်တွေ့ဆိုင်ရာဆေးဝါးဗေဒ ဒီပလိုမာသင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (ဆေးဝါးဗေဒ)ဘွဲ့ရရှိပြီးသူဖြစ်ရမည်။လျှောက်လွှာပိတ်သည့်နေ့တွင် အသက်(၅၀)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။

(စ) ဒီပလိုမာဘွဲ့ရရှိပြီးနောက် အနည်းဆုံး(၂)နှစ်နှင့်ဆေးပညာမဟာသိပ္ပံဘွဲ့ရရှိပြီးနောက် အနည်းဆုံး(၅)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(ဆ) သတ်မှတ်ထားသော သင်တန်းကာလကို အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ရမည်။

**၃။ လျှောက်လွှာတွင် အောက်ပါအချက်များကို ပြည့်စုံမှန်ကန်စွာ ဖော်ပြပါရှိရမည်။**

(က) အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ လက်ရှိရာထူး/ဌာန၊ အမြဲတမ်းလိပ်စာနှင့် ဖုန်းနံပါတ်၊ ဆက်သွယ်ရန် လိပ်စာနှင့်ဖုန်းနံပါတ်၊

(ခ) အဘအမည်၊

(ဂ) နိုင်ငံ့ဝန်ထမ်းအဖြစ် စတင်ထမ်းဆောင်သည့် နေ့ရက်/လ/ခုနှစ် နှင့် အမှုထမ်းသက်၊

(ဃ) အသက်နှင့် မွေးသက္ကရာဇ် (အသက်ထောက်ခံစာ တင်ပြရန်)

(င) ဆရာဝန်မှတ်ပုံတင်အမှတ်(ဆမ)၊

(စ) အထွေထွေဆေးကုသခွင့်လိုင်စင်အမှတ်၊ ထုတ်ယူခဲ့သည့်ရက်စွဲ - - ၊

(ဆ) ပညာအရည်အချင်း၊

(ဇ) တက်ရောက်လိုသည့် သင်တန်းနှင့် ဘာသာရပ်(တိကျစွာဖော်ပြရန်)

(ဈ) အမှုထမ်းသက်မှတ်တမ်းအပြည့်အစုံ
(ခက်ခဲဒေသတွင် တာဝန်ထမ်းဆောင်ခဲ့ပါက ဌာနဆိုင်ရာ ထောက်ခံစာနှင့်အတူ တစ်ပါတည်း တင်ပြရမည်။)

(ည) ယခင်ပြည်တွင်း ဘွဲ့လွန်သင်တန်း တက်ရောက်ရန် ရွေးချယ်ခံရဖူးခြင်း ရှိ/မရှိဖော်ပြရန်။

(ဋ) ပြည်တွင်းဘွဲ့လွန်သင်တန်း တစ်ခုခုတက်ရောက်ခဲ့ဖူးပါက တက်ရောက်ခဲ့သည့် ရက်၊လ၊ ခုနှစ်၊ သင်တန်း၊ ဘာသာရပ်နှင့် ဘွဲ့ရရှိခြင်း ရှိ/မရှိဖော်ပြရန်။

(ဌ) ပြည်တွင်း/ပြည်ပသင်တန်းတစ်ခုခုသို့ တက်ရောက်ခွင့်လျှောက်ထားခြင်း(သို့မဟုတ်) ဝင်ခွင့်စာမေးပွဲ ဖြေဆိုထားခြင်း ရှိ/မရှိဖော်ပြရန်။

၄။ **လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်။**

(က) လျှောက်လွှာတွင်ဖော်ပြထားသည့် အချက်အလက်များ မှန်ကန်မှုရှိပါကြောင်း ကိုယ်တိုင်လက်မှတ်ရေးထိုးထားသော ခံဝန်ချက်၊

(ခ) ဘွဲ့လက်မှတ်မိတ္တူ၊

(ဂ) ဆေးပညာသင်တန်း အမှတ်စာရင်း( Grading Certificate ) မိတ္တူ၊

(ဃ) ဓါတ်ပုံ(၃)ပုံ (လိုင်စင်ဓါတ်ပုံ)၊

(င) အသက်ထောက်ခံစာ (သို့မဟုတ်) တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်မိတ္တူ၊

(စ) ဆရာဝန်မှတ်ပုံတင်မိတ္တူ

**ခြွင်းချက်။** (ဆမ) လျှောက်ထားဆဲပုဂ္ဂိုလ်များသည် သင်တန်းကာလ (၁)နှစ်ပြီးမြောက်ပါက (ဆမ) မိတ္တူအား တင်ပြရန်နှင့် (ဆမ) မိတ္တူအား တင်ပြနိုင်မှသာ ဘွဲ့ရအောင်စာရင်းကို ထုတ်ပေးမည်။

(ဆ) ဆေးတက္ကသိုလ်၊ မကွေး၏ မြန်မာ့စီးပွားရေးဘဏ်၊ မကွေးတွင် ဖွင့်လှစ်ထားသော ငွေစာရင်း အမှတ်– MD–၀၁၁၁၁၈ သို့ ဘွဲ့လွန်ဆေးပညာသင်တန်း ဝင်ခွင့်စာမေးပွဲကြေး ကျပ်– ၁၀၀၀၀/– (ကျပ်တစ်သောင်းတိတိ)ကို ပေးသွင်းထားသည့် ချလံမူရင်း (၁)စောင်၊

(**မှတ်ချက်။** မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ်၊ မကွေးတွင် ဖွင့်လှစ်ထားသည့် ဆေးတက္ကသိုလ်၊မကွေး၊ငွေစာရင်းအမှတ်–MD–၀၁၁၁၁၈ သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။)

၅။ လျှောက်လွှာကိုသက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး (ညွှန်ကြားရေးမှူးချုပ်/ ဦးဆောင်ညွှန်ကြားရေးမှူး)မှတစ်ဆင့် လျှောက်ထားရမည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းဖြစ်ကြောင်း၊ သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး၏ ထောက်ခံချက်ပါရှိရမည်။ သတ်မှတ်ချက်အတိုင်း လျှောက်ထားခြင်းမရှိသည့် လျှောက်လွှာများကို လုံးဝထည့်သွင်း စဉ်းစားခြင်းမပြုပါ။

၆။ ကြိုတင်မိတ္တူတစ်စောင်ကို ငွေသွင်းချလံ (မူရင်း)နှင့်တကွ ဆေးတက္ကသိုလ်၊ မကွေး၊ ပါမောက္ခချုပ်ထံ လိပ်မူ၍ **(မပျက်မကွက်)** ပေးပို့ရမည်။

၇။ လျှောက်လွှာများကို ဆေးတက္ကသိုလ်၊ မကွေးသို့ ( **၂၉ – ၈ –၂၀၂၅)ရက် ( သောကြာနေ့)** နောက်ဆုံးထား၍ ပေးပို့ရမည်။ မပြည့်စုံသည့် လျှောက်လွှာများနှင့် လျှောက်လွှာပိတ်ရက်ထက် နောက်ကျရောက်ရှိလာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည် မဟုတ်ပါ။

၈။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ( **၁၃ – ၁၀ –၂၀၂၅) ရက် (တနင်္လာနေ့)**မှစ၍ ဆေးတက္ကသိုလ်၊ မကွေး၌ ထုတ်ပေးမည်။

၉။ သင်တန်းဝင်ခွင့် အရည်အချင်းစစ် ရေးဖြေစာမေးပွဲကို ( **၁၇ – ၁၀ – ၂၀၂၅) ရက် ( သောကြာနေ့)**တွင် ဆေးတက္ကသိုလ်၊ မကွေး၌ အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်။

| စဉ် | သင်တန်း | ဘာသာရပ် | စစ်ဆေးမည့်အချိန် | မေးခွန်းပုံစံ |
|---|---|---|---|---|
| (က) | ဆေးပညာမဟာသိပ္ပံ | ကျွမ်းကျင်ဘာသာရပ် | မွန်းလွဲ(၁:၀၀)နာရီမှ (၃:၀၀)နာရီထိ | MCQ |
| (ခ) | ဆေးပညာမဟာသိပ္ပံ (ကာကွယ်ရေးနှင့် အပူပိုင်းဆေးပညာ) | ကျွမ်းကျင်ဘာသာရပ် | မွန်းလွဲ(၁:၀၀)နာရီမှ (၃:၀၀)နာရီထိ | MSQ |
| (ဂ) | ဆေးလက်တွေ့ဆိုင်ရာ ဆေးဝါးဗေဒဒီပလိုမာ | | | |

၁၀။ ဘွဲ့လွန်ဆေးပညာသင်တန်းဝင်ခွင့်တွင် အင်္ဂလိပ်စာဘာသာရပ်ကို ထည့်သွင်းစစ်ဆေးခြင်း မပြုသော်လည်း သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း တစ်နှစ်လျှင်နှစ်ကြိမ်စစ်ဆေးမည့် အင်္ဂလိပ်စာဘာသာရပ် ကျွမ်းကျင်မှု အရည်အချင်းစစ် စာမေးပွဲ(၂)နာရီမေးခွန်းကို ဖြေဆိုရမည်။အင်္ဂလိပ်စာဘာသာရပ် အရည်အချင်းစစ် စာမေးပွဲ အောင်မြင်ကြောင်းတင်ပြနိုင်မှသာ ဘွဲ့ရအောင်စာရင်းကို ထုတ်ပေးမည်။

၁၁။ ဝင်ခွင့်နှုတ်ဖြေ စစ်ဆေးမည့်ရက်ကို ဝင်ခွင့်နှုတ်ဖြေ ဖြေဆိုခွင့်ရရှိသူစာရင်း ထုတ်ပြန် ကြေညာသည့်အခါတွင် ဖော်ပြပါမည်။

၁၂။ သင်တန်းတက်ရောက်ခွင့်ရရှိသူများသည် ဘွဲ့လွန်သင်တန်း စည်းမျဉ်းစည်းကမ်းများကို လိုက်နာမည်ဖြစ်ကြောင်း နှင့် ဘွဲ့လွန်သင်တန်းအောင်မြင်ပြီးနောက် နိုင်ငံ့ဝန်ထမ်းအဖြစ် မိမိတာဝန်ကျရာ မည်သည့်ဒေသတွင်မဆို ဆက်လက် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ကတိခံဝန်ချုပ် ချုပ်ဆိုရမည်။

၁၃။ သင်တန်းကိုတက်ရောက်ရန် ရွေးချယ်ခံရပြီးမှ သင်တန်းတက်ရောက်ရန် ပျက်ကွက်လျှင် နောင်ပညာသင်နှစ် (၂)နှစ် ပြည်တွင်း/ပြည်ပ ဘွဲ့လွန်သင်တန်းများသို့ လျှောက်ထားခွင့်မရှိပါ။

၁၄။ သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီး တက်ရောက်ခွင့်ရစာရင်း ထုတ်ပြန်ပြီးမှ သင်တန်းကို မတက်ရောက်လျှင်ဖြစ်စေ (မှတ်ပုံတင်ခြင်း ပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ) သင်တန်းကို ပြီးဆုံးအောင် မတက်ရောက်လျှင်ဖြစ်စေ၊ သင်တန်းအောင်မြင်ပြီးနောက် သတ်မှတ်ထားသည့်ကာလအတိုင်း နိုင်ငံ့တာဝန်ကို မထမ်းဆောင်လျှင် ဖြစ်စေ၊ သတ်မှတ်ထားသော လျော်ကြေးငွေကို ပေးလျော်ရမည်။

၁၅။ အသေးစိတ် အချက်အလက်များကို ဆေးတက္ကသိုလ်၊ မကွေး ပါမောက္ခချုပ်ရုံး၊ ဘွဲ့လွန်ဌာနစိတ်၊ ဖုန်းနံပါတ် (၀၆၃-၂၀၂၃၇၀၁)လိုင်းခွဲ(၁၁၀)သို့ ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းနိုင်ပါသည်။(သို့မဟုတ်) ဆေးတက္ကသိုလ်၊ မကွေး Website-http://www.ummg.gov.mm နှင့် http://www.ummg.edu.mm တို့တွင် ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။

ပါမောက္ခဒေါက်တာခင်မာမြင့်
ပါမောက္ခချုပ်
ဆေးတက္ကသိုလ်၊ မကွေး

စာအမှတ်၊ ၁၇၃၆ /၁-မကဆ(က - ၄)/၂၀၂၅
ရက် စွဲ၊ ၂၀၂၅ ခုနှစ်၊ ဇူလိုင် လ ( ၇ )ရက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန

**ဆေးတက္ကသိုလ်၊ မကွေး**

ရက် စွဲ၊ ၂၀၂၅ ခုနှစ်၊ ဇူလိုင် လ(၇)ရက်

## ၂၀၂၆ ပညာသင်နှစ်

## ပြင်ပဆရာဝန်များအတွက် ဘွဲ့လွန်ဒီပလိုမာသင်တန်းဝင်ခွင့် လျှောက်လွှာခေါ်ယူခြင်း

၁။ (၂၀၂၆)ပညာသင်နှစ်အတွက် ဆေးတက္ကသိုလ်၊ မကွေးတွင် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါ ဘွဲ့လွန်ဒီပလိုမာသင်တန်းသို့ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူ ပြင်ပဆရာဝန်များ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | မိသားစုကျန်းမာရေးစောင့်ရှောက်မှုဆေးပညာဒီပလိုမာ<br>Dip.Med.Sc (Family Medicine) | ( ၁ ) နှစ် |

**၂။ လိုအပ်သောအရည်အချင်း**

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ဆေးပညာဘွဲ့ရရှိပြီးသူ(သို့မဟုတ်)မြန်မာနိုင်ငံဆေးကောင်စီမှ အသိအမှတ်ပြုထားသော အလားတူဘွဲ့ ရရှိထားသူဖြစ်ရမည်။
(ဂ) လက်ရှိတရားဝင်ဆရာဝန်မှတ်ပုံတင်အမှတ်(ဆမ)နှင့်အထွေထွေဆေးကုသခွင့်လိုင်စင်သက်တမ်း(၂)နှစ်ပြည့်ပြီး၊ သက်တမ်းတိုးကိုင်ဆောင်ထားသူဖြစ်ရမည်။
(ဃ) အသက်သတ်မှတ်ချက်မရှိပါ။
(င) သတ်မှတ်ထားသော သင်တန်းကြေးများ ပေးသွင်းရမည်။
(စ) သတ်မှတ်ထားသော သင်တန်းစည်းမျဉ်းစည်းကမ်းများကို လိုက်နာနိုင်သူဖြစ်ရမည်။

**၃။ လျှောက်လွှာတွင် အောက်ပါအချက်များကို ပြည့်စုံမှန်ကန်စွာ ဖော်ပြပါရှိရမည်။**

(က) အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ အမြဲတမ်းလိပ်စာနှင့်ဖုန်းနံပါတ်၊ ဆက်သွယ်ရန်လိပ်စာနှင့်ဖုန်းနံပါတ်၊
(ခ) အဘအမည်၊
(ဂ) အသက်နှင့် မွေးသက္ကရာဇ်၊
(ဃ) ဆရာဝန်မှတ်ပုံတင်အမှတ်(ဆမ)၊
(င) အထွေထွေဆေးကုသခွင့်လိုင်စင်အမှတ်၊ ထုတ်ယူခဲ့သည့်ရက်စွဲ - - ၊
(စ) ပညာအရည်အချင်း၊
(ဆ) တက်ရောက်လိုသည့် သင်တန်း၊

**၄။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်။**

(က) လျှောက်လွှာတွင်ဖော်ပြထားသည့်အချက်အလက်များ မှန်ကန်မှုရှိပါကြောင်း ကိုယ်တိုင် လက်မှတ်ရေးထိုးထားသော ခံဝန်ချက်၊
(ခ) ဘွဲ့လက်မှတ်မိတ္တူ၊
(ဂ) ဆေးပညာသင်တန်းအမှတ်စာရင်း (Grading Certificate) မိတ္တူ၊
(ဃ) ဓါတ်ပုံ(၃)ပုံ (လိုင်စင်ဓါတ်ပုံ)၊
(င) အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးရုံးမှ ထောက်ခံချက်နှင့် မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့မှူးရုံးမှ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်များ၊
(စ) ဆရာဝန်မှတ်ပုံတင်အမှတ်(ဆမ)မိတ္တူ၊
(ဆ) တရားဝင်အထွေထွေဆေးကုသခွင့်လိုင်စင်မိတ္တူ၊

(ဈ) ဆေးတက္ကသိုလ်၊ မကွေး၏ မြန်မာ့စီးပွားရေးဘဏ်၊ မကွေးတွင် ဖွင့်လှစ်ထားသော ငွေစာရင်း အမှတ်- MD-၀၁၁၁၁၈သို့ ဘွဲ့လွန်ဆေးပညာသင်တန်းဝင်ခွင့် စာမေးပွဲကြေး ကျပ် ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ) ကို ပေးသွင်းထားသည့် ချလံမူရင်း(၁)စောင်၊

**မှတ်ချက်။** မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ်၊မကွေးတွင် ဖွင့်လှစ်ထားသည့် ဆေးတက္ကသိုလ်၊ မကွေး၏ ငွေစာရင်းအမှတ်- MD - ၀၁၁၁၁၈ သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။)

၅။ လျှောက်လွှာများကို ပါမောက္ခချုပ် ဆေးတက္ကသိုလ်၊ မကွေးသို့လိပ်မူ၍ (**၂၉ - ၈ - ၂၀၂၅**)ရက် (**သောကြာနေ့**) နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။

၆။ မပြည့်စုံသည့် လျှောက်လွှာများနှင့် လျှောက်လွှာပိတ်ရက်ထက် နောက်ကျရောက်ရှိလာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၇။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို **(၁၃-၁၀ -၂၀၂၅)ရက် (တနင်္လာနေ့)** မှစ၍ ဆေးတက္ကသိုလ်၊မကွေး၌ထုတ်ပေးမည်။

၈။ သင်တန်းဝင်ခွင့် အရည်အချင်းစစ်၊ ရေးဖြေစာမေးပွဲကို **( ၁၇ - ၁၀ -၂၀၂၅)** ရက်နေ့ **(သောကြာနေ့)**တွင် ဆေးတက္ကသိုလ်၊ မကွေး၌ အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်။

| **ဘာသာရပ်** | **စစ်ဆေးမည့်အချိန်** | **မေးခွန်းပုံစံ** |
|---|---|---|
| ကျွမ်းကျင်ဘာသာရပ် | မွန်းလွဲ(၁:၀၀)နာရီမှ (၃:၀၀)နာရီထိ | MCQ |

၉။ ဝင်ခွင့်နှုတ်ဖြေစစ်ဆေးမည့်ရက်ကို ဝင်ခွင့်နှုတ်ဖြေ၊ ဖြေဆိုခွင့်ရရှိသူစာရင်း ထုတ်ပြန်ကြေညာသည့်အခါတွင် ဖော်ပြပါမည်။

၁၀။ အသေးစိတ်အချက်အလက်များကို ဆေးတက္ကသိုလ်၊ မကွေး၊ ပါမောက္ခချုပ်ရုံး၊ ဘွဲ့လွန်ဌာနစိတ်၊ ဖုန်းနံပါတ် (၀၆၃-၂၀၂၃၇၀၁)လိုင်းခွဲ(၁၁၀)သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ (သို့မဟုတ်) ဆေးတက္ကသိုလ်၊ မကွေး၏ Website – http://www.ummg.gov.mm နှင့် http://www.ummg.edu.mm တို့တွင် ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။

ပါမောက္ခဒေါက်တာခင်မာမြင့်
ပါမောက္ခချုပ်
ဆေးတက္ကသိုလ်၊ မကွေး

စာအမှတ်၊ ၁၇၃၇ /၁-မကဆ(က - ၄)/၂၀၂၅
ရက် စွဲ၊ ၂၀၂၅ ခုနှစ်၊ ဇူလိုင် လ ( ၇ )ရက်